မွေး/ကုဉီးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ၃ /၂၀၂၃

၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်)

တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြိုးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (တ) နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းလိုက်သည်-

(က) **တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြိုးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံရေးရာဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘဏ္ဍာရေးဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၅) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီးပွားရေးရာအထောက်အကူပြုဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သုတေသနနှင့်ကျန်းမာရေး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး တွဲဖက်
ပြည်သူ့ကျန်းမာရေးဌာနခွဲ အတွင်းရေးမှူး(၁)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၉) တာဝန်ခံအရာရှိ တွဲဖက်
တိရစ္ဆာန်အစာနှင့်ဆေးဝါးအရည်အသွေး အတွင်းရေးမှူး(၂)
စစ်ဆေးရေးဓာတ်ခွဲခန်း
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ခ) **တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အကြံပေး လုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးသုတေသနဦးစီးဌာန

(၃) ပါမောက္ခချုပ် အဖွဲ့ဝင်

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(၄) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ

(၅) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း

(၆) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(၇) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၉) ပါမောက္ခ အဖွဲ့ဝင်

ဆေးဝါးဗေဒဌာန

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(၁၀) ပါမောက္ခ အဖွဲ့ဝင်

အာဟာရဗေဒဌာန

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

သုတေသနနှင့်ကျန်းမာရေး

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး တွဲဖက်
ပြည်သူ့ကျန်းမာရေးဌာနခွဲ အတွင်းရေးမှူး(၁)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး တွဲဖက်
တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ အတွင်းရေးမှူး(၂)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၂။ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(၂) တိရစ္ဆာန်သုံးဆေးဝါးများနှင့် တိရစ္ဆာန်အစာများအတွက် လမ်းညွှန်ချက်များနှင့် စံလုပ်ထုံးလုပ်နည်း(SOPs) များရေးဆွဲအတည်ပြုရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(၃) တိရစ္ဆာန်သုံးဆေးဝါးများနှင့် တိရစ္ဆာန်အစာများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက တာဝန်ပေးအပ်သောကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(၄) တိရစ္ဆာန်သုံးဆေးဝါးများနှင့် တိရစ္ဆာန်အစာများ စမ်းသပ်အသုံးပြုမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် လိုအပ်ပါက တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အကြံပေးလုပ်ငန်းကော်မတီ၏ အကြံဉာဏ်များရယူခြင်း။

(ခ) တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အကြံပေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်သုံးဆေးဝါးများနှင့် တိရစ္ဆာန်အစာများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ အကြံဉာဏ်ပေးခြင်း၊

(၂) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များစုဆောင်းခြင်းနှင့် တိရစ္ဆာန်သုံးဆေးဝါးနှင့်တိရစ္ဆာန်အစာကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ဖလှယ်ခြင်း၊ ပြန်လည်ဖြန့်ဝေခြင်း၊

(၃) တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ သုံးစွဲမှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်အစာ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီသို့ အကြံဉာဏ်များ ပေးခြင်း။

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် ဤအမိန့်ကြော်ငြာစာအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ပုံ

မင်းနောင်

ဥက္ကဋ္ဌ

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

စာအမှတ်၊ AHLD ဗဟိုကော်မတီ/တိဆေး-အစာ/ဥပဒေ(၁၅၉ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ (အားလုံး)
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
လုပ်ငန်းကော်မတီအဖွဲ့ဝင်များ (အားလုံး)
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင်
ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ဒေါက်တာရဲထွန်းဝင်း
အတွင်းရေးမှူး
တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ